ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
Chaung U People's Defence Force - CHUPDF

တိုက်ပွဲသတင်း (၁၆/၂၀၂၁) ထုတ်ပြန်ကြေညာခြင်း

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်

၁။ ၁၁.၁၂.၂၀၂၁ ရက်တွင် ချောင်းဦးမြို့ ကတို့ကုန်းလမ်းဆုံတွင် ကျွန်ုပ်တို့ CHUPDF က အုန်းသီးတစ်လုံးချထားပြီး ပြည်သူများမရှင်းသဖြင့် ထိုင်စောင့်နေခဲ့ကြသည်။ အဆိုပါနေရာသို့ စကစ၏အကြမ်းဖက်လက်နက်ကိုင်များရောက်ရှိလာပြီး လမ်းများကိုပိတ်၍အုန်းသီးကိုစပ်စုနေကြစဉ် အုန်းသီးကွဲ၍ စခ (၁) ကောင် သေပွဲဝင်ပြီး ဒဏ်ရာရရှိသူများရှိကြောင်း သိရပါသည်။ ပြည်သူများ မရှင်းလင်းသဖြင့်စောင့်ဆိုင်းနေရစဉ် ပြည်သူများရှင်းလင်းအောင်လမ်းပိတ်ပေးထားပြီး သေရန်အသင့်ပြင်ထားသော ဦးနှောက်မဲ့စခများကို ကျေးဇူးအထူးတင်ရှိပါသည်။

၂။ ဆက်လက်ပြီး ချောင်းဦးမြို့မှ မြောင်သို့စစ်ကူသွားရောက်မည့် အထူးတပ်ဖွဲ့လိုက်ပါလာသော FORLAND ကားတစ်စီးကို ကျွန်ုပ်တို့ကမိုင်းဆွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကားမှာ ဘုတ်ဘုတ်ဘတ်ဘတ်မြည်၍ ရပ်တန့်သွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီလက်နက်ကိုင်များ ကားထဲမှခုန်ချနေရာယူကြစဉ် အုန်းသီး (၃) လုံးဖြင့်ဧည့်ဝတ်ပြုခဲ့ရာ စခ (၅) ကောင်ခန့် အဆီရစ်မှိန်းမော၍အဝီစိတံ့ကင်စောင့်ဆိုင်းလျှက်ရှိကြောင်း သတင်းကောင်းမွှေးပျံ့လျှက်ရှိပါသည်။ FORLAND ကားမှာ ယခုထိတိုင်ကားလမ်းဘေး၌ ဇော်မဲလုံး၏အသားအရည်အရောင်ဖြင့် တင့်တယ်စွာရပ်တန့်နေရဆဲဖြစ်သည်။

ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့